## မာတိကာ


– စာရေးသူ၏ အမှာ ၇
( ၁) ဦးပုညနည်းနှင့် အစောပိုင်း အတွေ့အကြုံ ၉
( ၂) ရွှေဥဒေါင်းနည်းမှ အဝတ်ချုပ်နည်းအထိ ၁၅
( ၃) ဝါကျက စကြရအောင် ၂၁
( ၄) စကားပြောနေကျ အစီအစဉ်အတိုင်း ဝါကျ ရေးပါ ၂၆
( ၅) ဝါကျပြောင်းပြန်တွေ မရေးမိစေဖို့ ၃၁
( ၆) ဆိုင်ရာချင်း နီးနီးကပ်ကပ် ထားဖို့ (၁) ၃၆
( ၇) ဆိုင်ရာချင်း နီးနီးကပ်ကပ် ထားဖို့ (၂) ၄၁
( ၈) ဆိုင်ရာချင်း နီးနီးကပ်ကပ် ထားဖို့ (၃) ၄၆
( ၉) လည်းကောင်းငုတ်တုတ် ဝါကျ၊ လည်းကောင်း– ၄င်း ၅၂
(၁၀) ကတ္တားငုတ်တုတ်ဝါကျ၊ အံလွဲဝါကျ ၅၇
(၁၁) "သဒ္ဒါအသုံးမှား ဝါကျ (၁) ၆၂
(၁၂) သဒ္ဒါအသုံးမှား ဝါကျ (၂) ၆၇
(၁၃) ဖောင်းဖောင်းပွပွ ဝါကျတွေ ၇၂
(၁၄) အစွန်းနှစ်ဖက် ရှောင်ဖို့ ၇၇
(၁၅) ဟန်ချက်ညီဝါကျ ၈၂
(၁၆) အလေးပေးဝါကျ ၈၇
(၁၇) အဆာသွတ်ဝါကျ၊ တွဲဆက်ဝါကျ ၉၂
(၁၈) အရေးဝါကျ၊ အပြောဝါကျ ၉၇
(၁၉) ဝါကျအတိုအရှည် ၁၀၁
(၂၀) စာပိုဒ် ဖွဲ့ရအောင် ၁၀၆
(၂၁) စာပိုဒ်မှ စာတစ်ပုဒ်လုံးအထိ ၁၁၁
(၂၂) ရုပ်အဖွဲ့၊ စိတ်အဖွဲ့ (၁) ၁၁၆
(၂၃) ရုပ်အဖွဲ့၊ စိတ်အဖွဲ့ (၂) ၁၂၁
(၂၄) ရုပ်အဖွဲ့၊ စိတ်အဖွဲ့ (၃) ၁၂၆
(၂၅) သရုပ်ဖော်အဖွဲ့ ၁၃၁
(၂၆) ဇာတ်ဆောင်စရိုက် သရုပ်ဖော်ရာမှာ (၁) ၁၃၆
(၂၇) ဇာတ်ဆောင်စရိုက် သရုပ်ဖော်ရာမှာ (၂) ၁၄၁
(၂၈) ဇာတ်လမ်း၊ ဇာတ်ကြောင်း ၁၄၆
(၂၉) အားပြိုင်မှု၊ မြှုပ်ကွက် ၁၅၁
(၃၀) ရှုထောင့် ၁၅၆
(၃၁) သဘာဝကျမှု၊ ယုတ္တိရှိမှု ၁၆၁
(၃၂) ကာလဒေသနောက်ခံ၊ လူမှုနောက်ခံ ၁၆၆
(၃၃) သံကြိုးကွင်းဆက်၊ ပုတီးသီ၊ စက်ဝိုင်းနည်းများ ၁၇၁
(၃၄) လှေကားတက်၊ ထီးခရိုင်၊ ဖြာထွက်နည်းများ ၁၇၆
(၃၅) သဘောတရားကို အကောင်အထည်ဖြင့် ပြနည်း ၁၈၁
(၃၆) ဗိသုကာနည်း၊ အုတ်စီနည်း၊ ဆီဆေးပန်းချီနည်း၊ ရေဆေးပန်းချီနည်း ၁၈၆
(၃၇) အမျိုးအစား ခွဲဖို့ ၁၉၁
(၃၈) ခွဲခြမ်းစိတ်ဖြာ၊ သာဓကဆောင်၊ အနက်ဖွင့် ၁၉၆
(၃၉) နှိုင်းယှဉ်၊ ကျိုးကြောင်းပြ ၂၀၁
(၄၀) ဒေါသ၊ ဂုဏ်၊ အလင်္ကာ၊ ရသ ၂၀၆


## စာရေးသူ၏ အမှာ

'စာရေးခြင်း အတတ်' နှင့် ပတ်သက်၍ စာတွေ့၊ ကိုယ်တွေ့ အတွေ့အကြုံများကို တတ်စွမ်းသမျှ ဆွေးနွေးမျှဝေလိုသော ရည်ရွယ်ချက်ဖြင့် ရတနာပုံ သတင်းစာတွင် 'စာရေးကြမလား' ခေါင်းစဉ်ဖြင့် ဝိုင်းဖွဲ့ ဆွေးနွေးဟန် ဆောင်းပါးများကို ကျွန်တော် ရေးခဲ့ပါသည်။ ယခု ထိုဆောင်းပါးများကို စာအုပ်အဖြစ် စုစည်းလိုက်ခြင်း ဖြစ်ပါသည်။

စာရေးခြင်း ဆိုရာ၌ ဆောင်းပါးရေးခြင်း၊ ဝတ္ထုရေးခြင်း၊ ပြဇာတ်ရေးခြင်း၊ ရသစာတမ်း ရေးခြင်း၊ အတ္ထုပ္ပတ္တိ ရေးခြင်း၊ မှတ်တမ်းရေးခြင်း၊ သတင်းရေးခြင်း၊ သတင်းစာ၊ ဂျာနယ် ခေါင်းကြီးများ ရေးခြင်း၊ ဆွေးနွေးခန်း ရေးခြင်း စသည်စသည်ဖြင့် စာပေအမျိုးအစားအရ သဘောတရားနည်းနာ ကွဲပြားမှုများ ရှိနိုင်ပါသည်။ ထိုသဘောတရား နည်းနာများကို သီးသန့်ရည်ညွှန်းကာ ဆောင်းပါးရေးနည်း၊ ဝတ္ထုရေးနည်း၊ ရသစာတမ်းရေးနည်း၊ အတ္ထုပ္ပတ္တိရေးနည်း စသည်စသည်ဖြင့် ဖော်ထုတ် ဆွေးနွေးမှုများ ရှိပါသည်။ မည်သည့်စာပေ အမျိုးအစားကို ရေးသည်ဖြစ်စေ အခြေခံ လိုအပ်ချက်မှာ 'စာရေးတတ်ရန်' ဖြစ်သည်ဟု ယူဆပါသည်။ စာရေးတတ်ရန် ဆိုရာ၌ ရေးလိုသော အကြောင်းအရာကို မှန်ကန်သော စကားပြေအရေးအသားဖြင့် ရေးတတ်ရန်၊ ထိုမှတစ်ဆင့် ရှင်းလင်းမှု၊ ပြေပြစ်မှု၊ ကျစ်လျစ်မှု၊ လိုက်ဖက်မှု စသော စကားပြေ အရေးအသားကောင်း လက္ခဏာများဖြင့် ညီညွတ်အောင် ရေးတတ်ရန် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် စာအရေးအသား မှန်ကန်အောင်သာမက စာဖတ်သူ ဖတ်ချင်စဖွယ် ဖြစ်အောင် ရေးတတ်ရန် လိုအပ်ပါသည်။

စာရေးခြင်းသည် စကားပြောခြင်းကို အခြေခံခြင်း ဖြစ်သည့်အလျောက် စကားပြောသည့် ဝါကျအစီအစဉ်အတိုင်း စာရေးခြင်း ဖြစ်သည်။ စကားပြေ အရေးအသား မှန်ကန်မှု၏ အခြေခံ ဖြစ်ကြောင်း၊ ထိုမှ စာတစ်ပုဒ်လုံး ပြီးဆုံးသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်ဖွဲ့စည်းရခြင်း ဖြစ်ကြောင်း ဆွေးနွေးထားပါသည်။

စာရေးရာတွင် ရေးစရာအကြောင်းအရာ၊ အတွေးအမြင်၊ ခံစားမှုများတို့သည် စာရေးသူ တစ်ဦးချင်းနှင့် ဆိုင်သော အရည်အသွေးများ ဖြစ်ပါသည်။ ထိုအကြောင်းအရာ၊ အတွေးအမြင်၊ ခံစားမှုတို့ကို ရေးသားရာတွင်မူ ဤစာစုတွင် ဆွေးနွေးဖော်ထုတ်ထားသော စာရေးခြင်းအတတ်ဆိုင်ရာ သဘောတရား နည်းနာများကို ကြိုတင်သိထားခြင်းဖြင့် ကြိုတင်ပြင်ဆင်မှု ပြုရာ ရောက်ပါလိမ့်မည်။ တစ်ချိန်က ဆရာကြီးဇေယျ အမိန့်ရှိခဲ့သော နာနာဖတ်၊ နာနာမှတ်၊ နာနာရေး ဟူသော လမ်းညွှန်ချက်နှင့်အညီ စာရေးသူတစ်ယောက်အဖို့ စာများများ ဖတ်ရန်၊ များများ မှတ်သားရန်နှင့် များများရေးရန် မုချ လိုအပ်ပါလိမ့်မည်။

'စာရေးကြမလား' စာစုတွင် စကားပြေအရေးအသားဆိုင်ရာ သဘောတရား နည်းနာများကို ပဓာနပြုလျက် ဝတ္ထု၊ ဆောင်းပါး၊ ရသစာတမ်း စသည့် စာပေအမျိုးအစားများကို သာဓကဆောင်ကာ သီးသန့် နည်းနာများကိုလည်း အလျဉ်းသင့်ရာ ဆက်စပ် ဆွေးနွေးထားပါသည်။ စကားဝိုင်းဖွဲ့ကာ ပေါ့ပေါ့ပါးပါး ပြောဆိုဆွေးနွေးဟန် တင်ပြထားပါသည်။

ဤစာစုကို ထည့်သွင်းဖော်ပြသော ရတနာပုံ သတင်းစာနှင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသော ကံ့ကော်ဝတ်ရည် စာပေကို ကျေးဇူးတင်ပါသည်။

မောင်ခင်မင် (ဓနုဖြူ)
၆.၁၁.၂၀၂၁

♦